International Commission of Jurists
P.O. Box 91
Rue des Bains 33
CH 1211 Geneva 8
Switzerland
t +41 22 979 38 00
f +41 22 979 38 01
www.icj.org

# မြန်မာနိုင်ငံ - စုံစမ်းစစ်ဆေးရေးကော်မရှင်သစ်က တရားမျှတမှု သို့မဟုတ် တာဝန်ခံမှု ဖော်ဆောင်ပေးနိုင်ခြင်းမရှိ၍ နိုင်ငံတကာ၏ တုံ့ပြန်မှု လိုအပ်နေ

၂၀၁၈ခုနှစ်၊ စက်တင်ဘာလ၊ ၇ရက်နေ့[1]

**အကျဉ်းချုပ်**

- ၂၀၁၁ခုနှစ်ကတည်းက အစိုးရကဝေလွှတ်ခဲ့သော ယခင်စုံစမ်းစစ်ဆေးမှုများထဲတွင် မည်သည့်စုံစမ်းစစ်ဆေးမှုကမျှ ကြီးမားသောလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် လုံခြုံရေးတပ်ဖွဲ့များအပေါ် ထိရောက်သော တရားစွဲဆိုမှုတစ်ရပ်ရပ် ဖြစ်ပေါ်လာစေခြင်း မရှိခဲ့ကြောင်း သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူမိသားစုများအတွက် မည်သည့်ပြန်လည်ကုစားမှုကိုမျှ ရရှိစေခြင်း မရှိခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအခြေအနေများတွင် အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာဇဝတ်မှုများမြောက်သောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ တရားမျှတမှုနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တာဝန်ခံမှု ဖြစ်ပေါ်လာအောင် မြန်မာနိုင်ငံတွင် နိုင်ငံတော်တရားရုံးများ၊ တရားစွဲဆိုမှုဆိုင်ရာဝန်ဆောင်မှုများ သို့မဟုတ် စုံစမ်းစစ်ဆေးရေးကော်မရှင်များကို မှီခိုဖို့ မဖြစ်နိုင်ပါ။
- နောက်ဆုံးဖွဲ့စည်းထားသည့်လွတ်လပ်သောရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry – ICOE) အား လွတ်လပ်ကြောင်း၊ ဘက်လိုက်မှုကင်းမဲ့ကြောင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာဥပဒေပါ ရာဇဝတ်မှုများအတွက် တရားမျှတမှု သို့မဟုတ် တာဝန်ခံမှုအတွက် ထိရောက်သော ပံ့ပိုးမှုတစ်ရပ်ဖြစ်ကြောင်း ကျိုးကြောင်းဆီလျော်စွာ မယူဆနိုင်ပါ။ ထို့သို့မယူဆနိုင်သည့်အပြင် အဆိုပါစုံစမ်းစစ်ဆေးရေးကော်မရှင်အား အသိအမှတ်ပြုခြင်းသည် တရားမျှတမှုနှင့် တာဝန်ခံမှုအတွက် ထိရောက်သောအပြည်ပြည်ဆိုင်ရာအစီအမံများအပေါ် အဟန့်အတားနှင့်နှောင့်နှေးကြန့်ကြာမှု ဖြစ်ပွားစေနိုင်ဖွယ် ရှိပါသည်။
- ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ဤအခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court) သို့မဟုတ် အလားတူဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာခုံသမာဓိအဖွဲ့တစ်ဖွဲ့ထံ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပေးပို့ကိုင်တွယ်စေသင့်ပါသည်။
- ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် နောင်အနာဂတ်တွင် တရားစွဲဆိုမှုများပြုလုပ်ရန်အတွက် သက်သေအထောက်ထား စုဆောင်းကောက်ယူရန်နှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရန် ရည်မှန်းသည့် ဘက်လိုက်မှုကင်းမဲ့ပြီး လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ ယန္တရားတစ်ခု (International Impartial and Independent Mechanism – IIIM) သို့မဟုတ် အလားတူယန္တရားတစ်ခုကို ချက်ချင်းတည်ထောင်သင့်ပါသည်။ ကောင်စီသည် ၎င်း၏ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ အစည်းအဝေးတွင် အရေးယူဆောင်ရွက်သင့်ဖြီး ဤကြားထဲတွင် ရာဇဝတ်မှုဆိုင်ရာ သက်သေအထောက်အထားများ ပြန်လည်မရယူနိုင်တော့သည်အထိ ပျောက်ပျက်သွားခြင်း၊ ပျက်စီးသွားခြင်း သို့မဟုတ် ယိုယွင်းသွားခြင်းတို့ဖြစ်လာနိုင်သောကြောင့် အရေးယူဆောင်ရွက်ရန် ကုလသမဂ္ဂအထွေထွေညီလာခံအား စောင့်ဆိုင်းနေခြင်း သို့မဟုတ် ၎င်းထံ ရွှေ့ဆိုင်းခြင်းသည် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို ထပ်မံ၍ နှောင့်နှေးကြန့်ကြာစေခြင်း သို့မဟုတ် ငြင်းပယ်ခြင်းဖြစ်နိုင်သည့် အန္တရာယ်ရှိနေပါသည်။

"ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အခြားနိုင်ငံတကာအသိုင်းအဝိုင်းများ၏ မမှန်ကန်သောစွပ်စွဲချက်များအပေါ် ပြန်လည်တုံ့ပြန်ရန် ကျွန်တော်တို့အနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်" - နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူ၊ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ၊ ၂၈ရက်[2]

"မည်သူ့ကိုမျှ တာဝန်ခံရမယ်ဆိုပြီးတော့ အပြစ်တင်ခြင်း၊ လက်ညှိုးထိုးခြင်းတို့ကို ပြုလုပ်မှာမဟုတ်ပါဘူး" - ICOE ဥက္ကဋ္ဌ၊ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ၊ ၁၆ရက် သတင်းစာရှင်းလင်းပွဲ[3]

"အစိုးရ၏ မကြာသေးမီကဖွဲ့စည်းခဲ့သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် နိုင်ငံတကာ၏ ပါဝင်ဆောင်ရွက်မှု အချို့ရှိခဲ့သည့်တိုင် တာဝန်ခံမှုအမှန်တကယ်ပေးနိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်လာလိမ့်မည်မဟုတ်သလို ဖြစ်လည်းမဖြစ်နိုင်ပါ။ တာဝန်ခံမှုအတွက် တွန်းအားသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ မဖြစ်မနေလာရပါမယ်။" - မြန်မာနိုင်ငံနှင့်ပတ်သက်၍ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် ။၂၀၁၈ခုနှစ်၊ ဩဂုတ်လ၊၂၇ရက်နေ့ အကျဉ်းချုပ် အစီရင်ခံစာ[4]

## နောက်ခံအကြောင်းအရာ

၂၀၁၈ခုနှစ်၊ ဩဂုတ်လ၊ ၂၇ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ၏ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (United Nations Independent International Fact-Finding Mission - IIFFM)၏အကျဉ်းချုပ်အစီရင်ခံစာအရ[5] မြန်မာနိုင်ငံတွင် လူသားတမျိုးနွယ်လုံးအပေါ်ကျူးလွန်သည့်ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြပြီး လူမျိုးသုန်းသတ်ဖြတ်ခြင်း ရာဇဝတ်မှုအတွက် သက်သေအထောက်အထားများကို စုံစမ်းစစ်ဆေးရန် လိုအပ်နေပါသည်။[6]

မြန်မာနိုင်ငံတွင် အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်သူများအတွက် တာဝန်ခံမှုမရှိခြင်း၊ ကျူးလွန်ခံရသူများအတွက်ပြန်လည်ကုစားမှုများနှင့် တရားသဖြင့်ပြန်လည်ဖြစ်အောင်ဆောင်ရွက်ပေးခြင်းတို့ကို မရရှိနိုင်ခြင်းနှင့် တရားစီရင်ရေးစနစ်၏ လွတ်လပ်မှုအပေါ် ယခင်ကတည်းက စဉ်ဆက်မပြတ်ရှိလာခဲ့သော စိန်ခေါ်မှုများကြောင့် တရားဥပဒေစိုးမိုးရေးမှာ အလွန်အမင်း အားနည်းနေပါသည်။

၂၀၁၈ခုနှစ်၊ မေလ၊ ၃၀ရက်နေ့တွင် မြန်မာနိုင်ငံအစိုးရက "နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး ကော်မရှင်" (International Commission of Enquiry - ICOE) ကို နောက်ဆုံးဖွဲ့စည်းခဲ့ကြောင်း ကြေညာခဲ့ပါသည်။[7] ရခိုင်ပြည်နယ်တစ်ခုတည်းတွင် ၂၀၁၂ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့သော အစိုးရ၏ အထူးစုံစမ်းစစ်ဆေးမှုများနှင့် ဘုတ်အဖွဲ့ပေါင်း ရှစ်ခုပြီးနောက် ICOE ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။[8] ဤသို့ဖွဲ့စည်းခဲ့ကြောင်း ကြေညာပြီး ရက်သတ္တပတ် ဆယ်ပတ်အကြာတွင် ICOE အဖွဲ့ဝင်များက နေပြည်တော်တွင် ပထမအကြိမ်တွေ့ဆုံခဲ့ကြပြီး ဩဂုတ်လ၊ ၁၆ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲကိုလည်းပြုလုပ်ခဲ့ပါသည်။

ဩဂုတ်လ၊ ၂၈ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆိုခွင့်ရှိသူက "ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အခြားနိုင်ငံတကာအသိုင်းအဝိုင်းများ၏ မမှန်ကန်သောစွပ်စွဲချက်များအပေါ် ပြန်လည်တုံ့ပြန်ရန် ကျွန်ုပ်တော်တို့အနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။[9] အမှန်တကယ်တော့ ICOE ၏ ဥက္ကဋ္ဌက ဩဂုတ်လ၊ ၁၆ရက်နေ့တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ "မည်သူ့ကိုမျှ တာဝန်ခံရမယ်ဆိုပြီးတော့ အပြစ်တင်ခြင်း၊ လက်ညှိုးထိုးခြင်းတို့ကို ပြုလုပ်မှာမဟုတ်ပါဘူး" ဟု ပြောကြားခဲ့ပါသည်။[10]

ထိုသို့သော ထိခိုက်နစ်နာစေသည့် ပြောဆိုမှုများက IIFFMမှ ကျွမ်းကျင်သူများ၏ အောက်ပါသုံးသပ်ချက်များကို အတည်ပြုပါသည် -

> "အစိုးရ၏ မကြာသေးမီက ဖွဲ့စည်းခဲ့သော စုံစမ်းစစ်ဆေးရေးကော်မရှင်သည် နိုင်ငံတကာ၏ ပါဝင်ဆောင်ရွက်မှုအချို့ရှိခဲ့သည့်တိုင် တာဝန်ခံမှုအမှန်တကယ်ပေးနိုင်မည့် နည်းလမ်းတစ်ရပ် ဖြစ်လာလိမ့်မည်မဟုတ်သလို ဖြစ်လည်းမဖြစ်နိုင်ပါ။ တာဝန်ခံမှုအတွက် တွန်းအားသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ မဖြစ်မနေ လာရပါမယ်။"[11]

အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင် (International Commission of Jurists - ICJ)[12] သည် ၂၀၁၄ခုနှစ်အစောပိုင်းကတည်းက မြန်မာနိုင်ငံတွင် တစ်ဆက်တည်းရစ်တည်လှုပ်ရှားနေခဲ့ပြီး လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ကျော်ကတည်းက တိုင်းပြည်၏ တရားစီရင်ရေးစနစ်ကို စတင်၍ စောင့်ကြည့် လာခဲ့ပါသည်။[13] ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင်ကျူးလွန်ခဲ့သော အပြည်ပြည်ဆိုင်ရာ ဥပဒေအရ ရာဇဝတ်မှုမြောက်သော လူ့အခွင့်အရေးချိုးဖောက်မှုများများနှင့်ပတ်သက်၍ နိုင်ငံတော်တရားရုံးများ သို့မဟုတ် မြန်မာနိုင်ငံအတွင်းမှကော်မရှင်များ ရှေ့မှောက်တွင် တရားမျှတမှု သို့မဟုတ် တာဝန်ခံမှု ရရှိနိုင်ရန် မဖြစ်နိုင်သည့်အတွက် ချိုးဖောက်မှုအတွက်တာဝန်ရှိသူများအား (ကျူးလွန်သူများအား) ထိထိမိမိစုံစမ်းစစ်ဆေးနိုင်ရန်နှင့် တရားစွဲဆိုရန်အတွက် ထိုအခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး သို့မဟုတ် အလားတူဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ ခုံသမာဓိအဖွဲ့တစ်ဖွဲ့ထံ ပေးပို့ကိုင်တွယ်စေသင့်ကြောင်း IIFFM၏ သုံးသပ်ချက်ကို ICJက မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် ၎င်း၏ ကျယ်ပြန့်သောအတွေ့အကြုံအပေါ် အခြေခံ၍ ထောက်ခံ ပါသည်။[14]

## မြန်မာနိုင်ငံတွင် အခွင့်အရေးချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ပေးခြင်း

နိုင်ငံများအားလုံးသည် အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာဇဝတ်မှုမြောက်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်သူများအား ထိရောက်စွာ စုံစမ်းစစ်ဆေးရန်၊ တရားစွဲဆိုရန်နှင့် ပြစ်ဒဏ်ပေးရန်အပြင်၊ ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏မိသားစုများအတွက် ပြန်လည်ကုစားမှုပေးရန် အပြည်ပြည်ဆိုင်ရာဥပဒေအရ တာဝန်ဝတ္တရားများ ရှိပါသည်။

မည်သည့်စုံစမ်းစစ်ဆေးမှုများတွင်မဆို နိုင်ငံတကာဥပဒေ၊စံချိန်စံနှုန်းများနှင့်အညီဖြစ်စေရန်အလိုငှာ မဆိုင်းမတွ ချက်ချင်း၊ စေ့စပ်သေချာမှုရှိစွာဖြင့် စစ်ဆေးရန်လိုအပ်ပြီး စုံစမ်းစစ်ဆေးသူများကလည်း ပါဝင်ကျူးလွန်သည်ဟု သံသယရှိသူများအပေါ် မှီခိုရခြင်းကင်းရှင်းရန် လိုအပ်သည်။ ထို့အပြင် စစ်ဆေးသူများ၏ဆောင်ရွက်ချက်များသည် ကြိုတင်ခံယူချက်များမပါဝင်ဘဲ၊ ဘက်လိုက်မှု သို့မဟုတ် ခွဲခြားဆက်ဆံခြင်းများ မရှိရန်နှင့် ဖြောင့်မတ်မှန်ကန်မှုရှိရန်လည်း လိုအပ်သည်။ အဆိုပါ စုံစမ်းစစ်ဆေးသူများသည် အသေးစိတ်ပြီး တိရောက်စွာ စစ်ဆေးနိုင်ရန်အတွက် လုံလောက်သော လုပ်ဆောင်နိုင်စွမ်းနှင့် အရင်းအမြစ်များရှိရန် လိုအပ်ပြီး ရာဇဝတ်ကျူးလွန်သူများအဖြစ် စွပ်စွဲခံထားရသူများအား အမှန်တကယ်တရားစွဲဆိုလိုသော ဆန္ဒလည်း ရှိရပါမည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာဇဝတ်မှုများ ကျူးလွန်ခြင်းကို ဖြေရှင်းပေးဖို့ နေနေသာသာ အသိအမှတ်ပင်မပြုခြင်းသည် ရခိုင်၊ ကချင်နှင့်ရှမ်းပြည်နယ်များတွင် ကျူးလွန်ခဲ့သည့်အမှုများ အပါအဝင် ကြီးမားသောလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ဥပဒေဆိုင်ရာတာဝန်ခံမှုနှင့် ပြန်လည် ကုစားမှုအတွက် တိရောက်သောအစီအမံများ အကောင်အတည်ဖော်ပေးရန် ဆန္ဒမရှိကြောင်း ပြသနေပါသည်။

မြန်မာနိုင်ငံတွင် ကြီးမားသောလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တရားမျှတမှုလည်း ဖော်ဆောင်ပေး နိုင်ခြင်းမရှိပါ။ တရားစီရင်ရေးအဖွဲ့၏ ကွတ်လပ်မှုအပေါ် စိန်ခေါ်မှုများ၊ ၎င်း၏ အရည့်အချင်းပြည့်ဝမှုနှင့် စွမ်းဆောင်ရည်အပေါ် အကန့်အသတ်များနှင့် ၎င်း၏ စီရင်ပိုင်ခွင့်အပေါ် ချုပ်ချယ်မှုများသည် တရားသူကြီး များ၏ တာဝန်ခံမှုနှင့် မြန်လည်ကုစားမှု ပေးနိုင်စွမ်းနှင့် ကောင်းမွန်စွာတရားစီရင်နိုင်စွမ်းကို အားနည်းစေပြီး အကန့်အသတ်လည်းဖြစ်စေပါသည်။ အစိုးရဥပဒေအရာရှိများသည်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ ပါဝင်သော လုပ်ရပ်များကို တိရောက်စွာ တရားစွဲဆိုရန် ကွတ်လပ်မှု၊ အရည်အချင်းပြည်ဝမှုနှင့် စွမ်းဆောင် ရည်မရှိကြပါ။ ယေဘုယျအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ကျူးလွန်ခဲ့သော လုံခြုံရေးတပ်ဖွဲ့ ဝင်များသည် အပြစ်ပေးခံရခြင်းမှ ကင်းကွတ်နေပါသည်။[15]

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စံချိန်စံနှုန်းများနှင့်အညီ စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုမှုများကို မဆိုင်းမတွ ချက်ချင်းလက်ငင်းဆောင်ရွက်ခြင်းမရှိပါက အပြစ်ပေးခံရခြင်းမှ ကင်းကွတ်နေခြင်း ဆက်လက် ဖြစ်စေပါသည်။ ထိုကဲ့သို့သော အခြေအနေများသည် ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်သူများကို အားပေးအားမြှောက်ပြုပြီး ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများကို နှုတ်ဆိတ်စေသည့်အပြင် မြန်မာနိုင်ငံရှိ ဖြည်သူလူထုအပေါ် ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများ အနာဂတ်တွင် တပ်မံဖြစ်ပွားနိုင်ခြေကို မြင့်တက်စေပါသည်။

**စုံစမ်းစစ်ဆေးရေးကော်မရှင်များအတွက် အပြည်ပြည်ဆိုင်ရာစံနှုန်းများ**

စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်သည် စနစ်တကျဖွဲ့စည်းထားပါက ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်၊ တရားစွဲဆိုရန်နှင့် ဖြစ်ဒဏ်ပေးရန် အဝရှိသောနိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူဖြုနိုင်ပါသည်။ [16] အဆိုပါစုံစမ်းစစ်ဆေးမှုများသည် မှန်ကန်သော အချက်အလက်များကို ဖော်ထုတ်ရန်နှင့် တပ်မံဖြစ်ပွားခြင်းမှကာကွယ်နိုင်အောင် တရားစွဲဆိုခြင်းနှင့် အင်စတ်ကျူးရှင်းဆိုင်ရာ သို့မဟုတ် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေနိုင်သော အကြံပြုချက်များပေးရန် အထောက်အကူဖြစ်စေပါသည်။ သို့သော်လည်း စုံစမ်းစစ်ဆေးရေးကော်မရှင် တစ်ရပ် တည်ထောင်ခြင်းတစ်ခုတည်းဖြင့် နိုင်ငံတော်၏တာဝန်ဝတ္တရားများကို ဖြည့်ဆည်းနိုင်လိမ့်မည် မဟုတ်ပါ။ ကော်မရှင်နှင့်အတူ ရာဇဝတ်မှုတစ်ခုချင်းစီကို ကြိုးစားပမ်းစား လိုက်လံဆောင်ရွက်တင်ပြမှု လုပ်ဆောင်နိုင်သည့် ဘက်လိုက်မှုမရှိသည့် အစိုးရဥပဒေအရာရှိများနှင့် တိရောက်ပြီး ကွတ်လပ်သော တရားရုံးများလည်း ရှိရန် လိုအပ်ပါသည်။

စုံစမ်းစစ်ဆေးမှုများနှင့် ၎င်းနှင့်ပတ်သက်နေသော တရားစီရင်ရေးလုပ်ငန်းစဉ်များအား အကဲဖြတ်ဆန်းစစ်ရန် အတွက် အဓိကကျသော အပြည်ပြည်ဆိုင်ရာစံနှုန်းတစ်ခုမှာ ကုလသမဂ္ဂ၏ အပြစ်ပေးခံရခြင်းမှ ကင်းကွတ်ခြင်းဆိုင်ရာ စည်းမျဉ်းများ (UN Impunity Principles) ဖြစ်ပါသည်။ [17] စုံစမ်းစစ်ဆေးရေး ကော်မရှင်များတွင် ရှိသင့်ရှိထိုက်သည့် အခြားသောအင်္ဂါရပ်များအပြင် အောက်ပါအချက်များ ရှိရန်လိုအပ်ပါသည်။ ကွက်ပေါ်လာမည်ရလဒ်ကို ကြိုတင်သတ်မှတ်ထားခြင်းမရှိသော (ပြဌာန်းချက်) လုပ်ငန်းတာဝန် တစ်ရပ်ရှိရမည်၊ လိုအပ်သောအရင်းအမြစ်များ ပိုင်ဆိုင်ထားရမည်၊ မျက်မြင်သက်သေများကို ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှုတို့မှ တိရောက်စွာ အကာအကွယ် ပေးနိုင်ရမည်၊ တိရောက်စွာ

စုံစမ်းစစ်ဆေးရန်ကျွမ်းကျင်မှု၊ အရည်အချင်းပြည့်ဝမှုနှင့် လွတ်လပ်မှုရှိသောအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရမည်။ ထို့အပြင် အများပြည်သူထံသို့ ပွင့်ပွင့်လင်းလင်းနှင့် ပြည့်စုံစွာ အစီရင်ခံတင်ပြနိုင်ရန် လွတ်လပ်မှုရှိရမည်။[18]

ထစ်ကမ္ဘာလုံးဆိုင်ရာအတွေ့အကြုံအရ အဆိုပါစံနှုန်းများနှင့် ကိုက်ညီခြင်းမရှိသော စုံစမ်းစစ်ဆေးမှုများသည် ပြည်တွင်း သို့မဟုတ် နိုင်ငံတကာယန္တရားများ၏ ရာဇဝတ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုအား သွေဖီစေခြင်း အားဖြင့် အပြစ်ပေးခံရခြင်းမှကင်းလွတ်နိုင်ရန် အထောက်အကူပေးနိုင်သည် သက်ရောက်မှုများ အမှန်တကယ် ရှိပါသည်။ [19] "ကော်မရှင်များအကြောင်း ၂၆နှစ်ကြာ အစီရင်ခံတင်ပြခြင်းမှရရှိလာခဲ့သော သင်ခန်းစာများ" အပေါ် အခြေခံ၍ ဥပဒေပြင်ပကွပ်မျက်မှုများ၊ အတင်းအကြပ်ဖမ်းဆီးခြင်း သို့မဟုတ် တရားလက်လွတ်သတ်ဖြတ်ခြင်းများဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် (ထိုအချိန်က) ဖီးလစ်ဝ်အယ်လ်စတွန် အောက်ပါအတိုင်း ကောက်ချက်ချခဲ့ပါသည် -

> "အစိုးရများသည် အကျပ်အတည်းတစ်ရပ်ကိုတ်န်းသိမ်းလျှော့ချရန်၊ တာဝန်ခံမှုဆိုင်ရာသဘောထား များကို အားပေးထောက်ခံပုံပေါ်စေရန်နှင့် အပြစ်ပေးခံရခြင်းမှကင်းလွတ်နေခြင်းကို ပိုမိုမြင့်တင်ရန်ဟူသော မှားယွင်းသည့်ရည်ရွယ်ချက်များအတွက် ကော်မရှင်များကို အလွန်ထိရောက်စွာ အသုံးပြုနိုင်ပါသည်။ ..... ထိရောက်မှုမရှိသော ကော်မရှင်တစ်ရပ်သည် အချိန်နှင့်အရင်းအမြစ်များ ဖြုန်းတီးရုံသာမက အခြားလုပ်ဆောင်မှုများကို အဟန့်အတား ဖြစ်စေခြင်း၊ ရရှိနိုင်သော အရင်းအဖြစ်များအား လက်ဝါးကြီးအုပ်ခြင်းနှင့် တရားစွဲဆိုရန် နောက်ဆက်တွဲ ကြိုးပမ်းမှုများကို ခက်ခဲအောင် သို့မဟုတ် မဖြစ်နိုင်အောင် ပြုလုပ်ခြင်းအားဖြင့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်မှု ဖြစ်စေရန် ပံ့ပိုးကူညီပေးနိုင်ပါသည်။"[20]

**မြန်မာနိုင်ငံရှိ စုံစမ်းစစ်ဆေးရေးကော်မရှင်များ**

၂၀၁၁ခုနှစ်ကတည်းက ပထမအကြိမ်လွှတ်တော်ကို ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပြီးနောက် မြန်မာနိုင်ငံအစိုးရသည် မြန်မာနိုင်ငံ၏ဒေသအသီးသီးတွင် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များကို စုံစမ်း စစ်ဆေးရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့များစေလွှတ်ခဲ့ပါသည်။ [21] အဆိုပါစုံစမ်းစစ်ဆေးမှုများကို တာဝန်ခံမှု သို့မဟုတ် ပြန်လည်ကုစားမှုတို့အတွက် နည်းလမ်းများအဖြစ် သတ်မှတ်နိုင်ခြင်းမရှိသည်မှာ တင်ရှားပါသည်။[22]

ရခိုင်ပြည်နယ်တစ်ခုတည်းမှာပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဦးဆောင်သော လက်ရှိအစိုးရလက်ထက် အပါအဝင် ၂၀၁၂ခုနှစ်ကတည်းက စုံစမ်းစစ်ဆေးမှုများနှင့် ဘုတ်အဖွဲ့ရှစ်ဖွဲ့ရှိခဲ့ပြီး ထိုအဖွဲ့များထဲမှ အနည်းဆုံးနှစ်ဖွဲ့ ကို နိုင်ငံတော်သမ္မတရုံးက စေလွှတ်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၁၂-၁၃ခုနှစ်ကတည်းကဖွဲ့စည်းထားသော[23]"ရခိုင်ပြည်နယ်ရှိ ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုအကြောင်း စုံစမ်းစစ်ဆေးရေးကော်မရှင်"၏ အစီရင်ခံစာတွင် ထိုအချိန်၌ ဖြစ်ပွားနေပြီဖြစ်သော ကြီးလေးသည့်လူ့အခွင့် အရေးချိုးဖောက်မှုများကို အသိအမှတ်ပြုရန် သို့မဟုတ် ထိရောက်စွာကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့သည့် အပြင် "ဘင်္ဂါလီများသည် ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုမီးတောက်များကို မီးလောင်ရာ လေပင့်၍ ရိုဟင် ဂျာဟူသော အသုံးအနှုန်းကို အသုံးပြုရန် ယခုအခါ တွန်းအားပေးလာကြသည်"[24] ဟု ဖော်ပြခြင်းအားဖြင့် ကျူးလွန်ခံရသူကိုပင် ပြန်လည်အပြစ်တင်ခြင်းတွင်ပါဝင်ခဲ့ပါသည်။ အစီရင်ခံစာတွင် လုံခြုံရေးတပ်ဖွဲ့များ အင်အား တိုးမြှင့်ချထားရန်နှင့် ရခိုင်ပြည်နယ်တွင် မူစလင်အမျိုးသမီးများအတွက် မိသားစုစီမံကိန်းဆိုင်ရာ အစီအမံများ ပြဋ္ဌာန်းသတ်မှတ်ရန် အကြံပြုထားပါသည်။ အစီရင်ခံစာတွင် လုံခြုံရေးတပ်ဖွဲ့များအား တရားစွဲ ဆိုခြင်းများနှင့် ပတ်သက်၍ အကြံပြုချက်များ ပါဝင်ခဲ့ခြင်းမရှိပါ။

"မောင်တောမြို့နယ်စုံစမ်းစစ်ဆေးရေးကော်မတီ" က ဖွဲ့စည်းပြီး ၃၃ရက်အကြာ ၂၀၁၇ခုနှစ်၊ ဇန်နဝါရီလတွင် ၎င်း၏ ကြားဖြတ်အစီရင်ခံစာကို ထုတ်ဝေခဲ့ပါသည်။[25] ထိုအစီရင်ခံစာတွင် "(ရိုဟင်ဂျာ) အမျိုးသမီးများ မုဒိမ်း ကျင့်ခံရသည်ဟူသော စွပ်စွဲချက်များနှင့်ပတ်သက်၍ ကော်မရှင်သည် ဒေသခံရွာသူရွာသားများနှင့် အမျိုးသမီး များကို နည်းလမ်းမျိုးစုံအသုံးပြု၍ တွေ့ဆုံမေးမြန်းခဲ့ပြီး ယနေ့အချိန်အထိ ဥပဒေကြောင်းအရ အရေးယူရန် လုံလောက်သော သက်သေအထောက်အထား မတွေ့ရှိရကြောင်း" ကောက်ချက်စွဲထားပါသည်။[26]

ထိုအစီရင်ခံစာထုတ်ဝေပြီးနောက် ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီအစည်းအဝေးတွင် အချက်အလက်ရှာဖွေရေးမစ်ရှင်ကိုလည်း စေလွှတ်ရန် သုံးဖြတ်ခဲ့သည့်အပြင် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်

တွင် ဤစုံစမ်းစစ်ဆေးမှုကို မှတ်သားခဲ့ပြီး ခိုင်လုံသော အစီရင်ခံစာထစ်စောင် ထုတ်ဝေရန် တိုက်တွန်းခဲ့ပါသည်။ [27] အကြိမ်ကြိမ် နှောင့်နှေးကြန့်ကြာခဲ့သော နောက်ဆုံးအစီရင်ခံစာကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လ၊ ၆ရက်နေ့တွင် ထုတ်ဝေခဲ့ပါ သည်။ ထိုအစီရင်ခံစာတွင် ယေဘုယျအားဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးမဟာမင်းကြီးရုံး (UN Office of the High Commissioner for Human Rights)၏ ယခင်အစီရင်ခံထင်ပြချက်များကို လျစ်လျူရှုခဲ့ပြီး အကြံပြုချက်များတွင် လုံခြုံရေးထပ်ဖွဲ့များက ကျူးလွန်ခဲ့သည်ရာဇဝတ်များကို တ်ရောက်စွာထရားစွဲဆိုရန် အစီအမံများ ပါဝင်ခဲ့ခြင်း မရှိပါ။[28]

**ရခိုင်ပြည်နယ်အပေါ် "လွယ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်"**

မြန်မာနိုင်ငံအစိုးရသည် ၂၀၁၈ခုနှစ်၊ မေလတွင်"လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်(Independent Commission of Enquiry – ICOE)"ထစ်ရပ်ကို ထပ်မံဖွဲ့စည်းကြောင်း သတင်းထုတ်ပြန်ကြေညာခဲ့ပြီး ၎င်း၏ လုပ်ငန်းတာဝန်မှာ "ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများနောက်ပိုင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်စပ်ကိစ္စရပ်များနှင့်ပတ်သက်၍ စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန်" ဟူ၍သတ်မှတ်ခဲ့ပါသည်။ [29] ICOEအား နိုင်ငံတော်သမ္မတရုံးမှ တရားဝင်ဖွဲ့စည်းပြီးနစ်လအကြာတွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ အဖွဲ့ ဝင်ထစ်ဦးနှင့် ဂျပန်နိုင်ငံမှ အဖွဲ့ဝင်ထစ်ဦးပါဝင်လာခဲ့ပါသည်။[30]

ICOE အဖွဲ့ဝင်များနှင့် အာဏာပိုင်အဖွဲ့များအကြား အစည်းအဝေးများအကြိမ်ကြိမ်ကျင်းပခဲ့ပါသည်။[31] ICOE က ထုတ်ပြန်ခဲ့သော သတင်းထုတ်ပြန်ချက်အရ ဩဂုတ်လ၊ ၃၁ရက်နေ့တွင် ICOE က ရခိုင်ဖြည်နယ်မြောက် ပိုင်းရှိ "ကျေးရွာများသို့ သွားရောက်ကြည့်ရှုခဲ့ပြီး" နေထိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။[32]

ကြေညာပြီးနောက် သုံးလကျော်အကြာတွင် ICOE ၏ လုပ်ငန်းတာဝန်ဆိုင်ရာ စာရွက်စာထမ်း သို့မဟုတ် ရည်ရွယ်ချက်နှင့် ဖွဲ့စည်းပုံဆိုင်ရာစာထမ်းအနည်းငယ်ကိုသာ အများပြည်သူထံ ဖွင့်တထုတ်ဖော်ခဲ့ သော်လည်း နိုင်ငံတော်မီဒီယာများတွင် "ICOEသည် ၎င်း၏လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ဥပဒေများ အထူးသဖြင့် ၁၉၅၀ခုနှစ် စုံစမ်းရေးကော်မတ်များ အက်ဥပဒေ (Investigation Committees Act 1950) ကို လိုက်နာပါမည်။ ICOE သည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာမှုဥပဒေကိုလည်း အကျုံးဝင်ပါက လိုက်နာပါမည်"ဟု သတင်းပေးပို့ထားပါသည်။[33] ဩဂုတ်လ၊ ၃၁ရက်နေ့ သတင်းထုတ်ပြန်ချက်တွင် ICOE သည် "တာဝန်ခံမှု ဖြစ်ပေါ်လာအောင် ရှေးရှု၍" ၎င်း၏ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်မည်ဟု ပထမဦးဆုံးအနေဖြင့် ဖော်ပြခဲ့ပါ သည်။[34]

တာဝန်ခံမှုအကြောင်း ရည်ညွှန်းဖော်ပြချက်ကို နောက်ပိုင်းတွင် ထည့်သွင်းလာခဲ့သော်လည်း ICOE ၏ လုပ် ငန်းတာဝန်နှင့် ဖွဲ့စည်းပုံသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေနှင့် စံနှုန်းများနှင့် ကိုက်ညီမှုအလျဉ်း မရှိဆဲ ဖြစ်နေပါသည်။[35] ICOEသည် ဖြောင့်မတ်မှု သို့မဟုတ် လွတ်လပ်မှုမရှိသလို ၎င်းလုပ်ရှားဆောင်ရွက် နေသော ပတ်ဝန်းကျင်အကြောင်းအရာကို ပိုမိုကျယ်ပြန့်စွာသုံးသပ်ကြည့်လျှင် လူ့အခွင့်အရေးချိုးဖောက်မှုများ အတွက် အဓိပ္ပာယ်ရှိသော တာဝန်ခံမှု သို့မဟုတ် ပြန်လည်ကုစားမှု ပေးနိုင်စွမ်းမရှိကြောင်း ထင်ရှားပါသည် -

- အစိုးရအရာရှိများက ဘက်လိုက်သော ပြောဆိုချက်များက ICOE ၏ ဖြောင့်မတ်မှုနှင့် ကြားနေဖြစ်မှု အပေါ် ထိခိုက်စေပါသည်။ ဥပမာ - ဩဂုတ်လ၊ ၂၈ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ ပြောရေးဆို ခွင့်ရှိသူက "ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားနိုင်ငံထကာအသိုင်းအဝိုင်းများ၏ မမှန်ကန်သော စွပ်စွဲချက်များအပေါ် ပြန်လည်တုံ့ပြန်ရန် ကျွန်တော်တို့အနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါထယ်"ဟု ပြောကြားခဲ့ပါသည်။"[36]
- ဩဂုတ်လ၊ ၁၆ရက်နေ့တွင် ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ "မည်သူ့ကိုမျှ တာဝန်ခံရမယ်ဆိုပြီး တော့ အပြစ်တင်ခြင်း၊ လက်ညှိုးထိုးခြင်းတို့ကို ပြုလုပ်မှာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်ကို ကြည့် ခြင်းအားဖြင့် ICOE ၏ ဥက္ကဋ္ဌသည် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ၊ ၁၆ရက်နေ့တွင် တာဝန်ခံမှုအား ၎င်း၏ လုပ်ငန်းတာဝန်၏ တစ်စိတ်တစ်ဒေသအဖြစ် ယူဆထားပုံမပေါ်ပါ။ [37] ထိုသတင်းစာရှင်းလင်းပွဲ၌ပင် စစ်တပ်က ကျူးလွန်သည်ဟုစွပ်စွဲထားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို မည်ကဲ့သို့ စုံစမ်းစစ်ဆေး မည်ဟူသောမေးခွန်းအား နှစ်မိနစ်ကြာသည့်တိုင် ဖြေကြားပေးနိုင်ခဲ့ခြင်းမရှိဘဲ နောက်ပိုင်းတွင်မှသာ ဥက္ကဋ္ဌထံမှ မေးခွန်းကို အမှန်တကယ် ဖြေဆိုခြင်း မရှိသည့် မပြတ်မသားအဖြေသာ ထွက်ပေါ်လာခဲ့ပါ သည်။[38]
- အဖွဲ့ဝင်များ၏ ဘက်လိုက်မှုရှိသော အများပြည်သူထံ ထုတ်ဖော်ပြောဆိုချက်များအပြင် အကျိုးစီးပွား ဆန့်ကျင်မှုများကြောင့် ICOE အား ဖြောင့်မတ်သည် သို့မဟုတ် လွတ်လပ်သည်ဟု ကျိုးကြောင်းဆီ

လျော့စွာ မယူဆနိုင်ပါ။ ဥပမာအားဖြင့် ကော်မရှင်တွင် ပါဝင်သော ဒေါက်တာအောင်ထွန်းသက်သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီ(Union Enterprise for Humanitarian assistance, Resettlement and Development - UEHRD)တွင် ညှိနှိုင်းရေးမှူးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ပါသည်။ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလတွင် တည်ထောင်ခဲ့သော UEHRD၏ လုပ်ငန်းတာဝန်မှာ ရခိုင်ပြည်နယ်တွင် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။[39] ၎င်း၏ လုပ်ငန်းများတွင် ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို ပျက်စီးစေနိုင်သည့် ဖြေကော်စက်ဖြင့် ထိုးခြင်းကို ကြီးကြပ်ကွပ်ကဲရန်ဖြစ်ပြီး [40] ထိုကဲ့သို့သက်သေဖျက်စီးသည်ဟူသော စွပ်စွဲချက်တစ်ရပ်ကို ဒေါက်တာအောင်တွန်းသက်မှ ငြင်းဆိုထားပါသည်။ [41] (အတက်တွင် ဖော်ပြခဲ့သော) မောင်တောမြို့နယ် စုံစမ်းစစ်ဆေးရေးကော်မတီ၏ အဖွဲ့ဝင်ဟောင်း တစ်ဦးဖြစ်သော ဒေါက်တာအောင်ထွန်းသက်သည် ၂၀၁၈ခုနှစ်၊ ဧပြီလတွင် "ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များမှာ စနစ်ထကျရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ၎င်းတို့အား နေရပ်ပြန်နိုင်ရေးအတွက် ယခုအခါတွင် ကြိုးပမ်းလုပ်ဆောင်နေမှုသည် လူမျိုးစုသုတ်သင်ရှင်းလင်းရန် ရည်ရွယ်ချက်မရှိကြောင်း အထင်အရှားပြသနေပါထထ်"ဟု ပြောဆိုခဲ့ပါသည်။[42]

- ICOEဥက္ကဋ္ဌသည် မျက်မြင်သက်သေများကို အကာအကွယ်ပေးရန် နှုတ်အားဖြင့် အာမခံချက်ပေးခဲ့သည့်တိုင် ထိုသို့အကာအကွယ်ပေးရန် ဥပဒေအရသော်လည်းကောင်း၊ လက်တွေ့အားဖြင့်သော်လည်းကောင်း ထိရောက်သော အစီအမံများ သတ်မှတ်ထားရှိပုံမပေါ်သော်လည်း ICOE အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အချို့သောပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းမှုများ စတင်ဆောင်ရွက်ခဲ့ပါသည်။ [43] ကော်မရှင်က တွေ့ဆုံမေးမြန်းခဲ့သော မျက်ဖြင်သက်သေများနှင့် ကျူးလွန်ခံရသူများသည် ရာဇဝတ်ကြောင်းအရ ထရားစွဲဆိုခံရခြင်းအပါအဝင် လက်တုံ့ပြန်ကလဲ့စားချေခြင်းကို ခံရနိုင်ပါသည်။ စုံစမ်းရေးကော်မတီများ အက်ဥပဒေ၏ ပုဒ်မ ၆ တွင် မှားယွင်းသော မျက်မြင်သက်သေ ထွက်ဆိုချက်သည် ရာဇသတ်ကြီး ပုဒ်မ ၁၉၃အရ ပြစ်မှုမြောက်ကြောင်း ဖော်ပြထားပြီး ထောင်ဒဏ် ခုနစ်နှစ်အထိ ကျခံရနိုင်ပါသည်။ မြန်မာနိုင်ငံတွင် လုံခြုံရေးတပ်ဖွဲ့များက လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြောင်း အခိုင်အမာ စွပ်စွဲမှုများ ပြုလုပ်သည့် ပုဂ္ဂိုလ်များအပေါ် အခြေအဖြစ်မရှိသော သို့မဟုတ် နိုင်ငံရေးထွန်းအားပါရှိသော ပြစ်မှုကြောင်းအရ အရေးယူမှုများ မကြာခဏ ပြုလုပ်လေ့ရှိပါသည်။[44]
- အုပ်ချုပ်ရေးရုံးထစ်ရုံး ထည်ထောင်ပြီးဖြစ်ကြောင်းနှင့် "ICOE သည် ဥပဒေဆိုင်ရာနှင့် မှုခင်းဆေးပညာဆိုင်ရာ နိုင်ငံထကာကျွမ်းကျင်သူများကို လိုအပ်သလိုနှင့် လိုအပ်သည့်အခါတွင် ခေါ်ယူမည်" ဖြစ်ကြောင်း နိုင်ငံတော်မီဒီယာက သတင်းပေးပို့ထားပါသည်။[45] ယခင်အတွေ့အကြုံအရ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီသော နည်းလမ်းတကျစုံစမ်းစစ်ဆေးမှုတစ်ခုကို ပံ့ပိုးပေးရန်လိုအပ်သော ဌာနအတွင်း အထူးပြုလူ့စွမ်းအားအရင်းအဖြစ်များ ရှိလိမ့်မည်မဟုတ်ကြောင်း ယူဆနိုင်ပါသည်။
- မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေအရ ရာဇဝတ်မှုများအတွက် လုံခြုံရေးထပ်ဖွဲ့များ၏ အဖွဲ့ဝင်များအား ထစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း တာဝန်ခံစေခြင်းနှင့် သက်ဆိုင်သော စုံစမ်းစစ်ဆေးမှုများနှင့် ဘုတ်အဖွဲ့များ၏ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ အားနည်းသည်မှာ အစဉ်အလာထစ်ရပ် ဖြစ်နေပါသည်။ ဥပမာအားဖြင့် နိုင်ငံတော်သမ္မတရုံးက ၂၀၁၇ခုနှစ်၊ စက်ထင်ဘာလတွင် ထည်ထောင်ခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များကိုအကောင်အထည်ဖော်ရမည့် ကော်မတီတစ်ခုသည်[46] အကြံချက် ၈၈ခုထဲမှ အခု၈၀ကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း ၎င်း၏အဆိုများကို ထောက်ပံ့ရန်အတွက်လုံလောက်သောသထင်းအချက်အလက်ပေးနိုင်ခဲ့ခြင်းမရှိဘဲ အမှန်ထကထိတော့အဓိကအဆိုပြုချက်များမှာ ငြင်းပထ်ခံခဲ့ရကြောင်း အစီရင်ခံစာများတွင် တွေ့ရှိရပါသည်။[47]

## အကြံပြုချက်များ

မြန်မာနိုင်ငံအစိုးရသည် ပြည်တွင်း တရားစီရင်ရေး ယန္တရားများဖြင့် ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ထိရောက်စွာ စုံစမ်းစစ်ဆေးရန်နှင့် ထရားစွဲဆိုရန် ဆန္ဒ သို့မဟုတ် ဆောင်ရွက်နိုင်စွမ်းမရှိကြောင်း တင်ရှားနေသည့် အခြေအနေတွင် ထိရောက်သော နိုင်ငံတကာ၏ တုံ့ပြန်မှုတစ်ရပ် လိုအပ်နေပါသည် -

- ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် ဤအခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (International Criminal Court) သို့မဟုတ် အလားတူဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာခုံသမာဓိအဖွဲ့တစ်ဖွဲ့ထံ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပေးပို့ကိုင်တွယ်စေသင့်ပါသည်။
- ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် နောင်အနာဂတ်တွင်တရားစွဲဆိုမှုများပြုလုပ်ရန်အတွက် သက်သေအထောက်ထား စုဆောင်းကောက်ယူရန်နှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ရန် နိုင်မာသည့် ဘက်လိုက်မှုကင်းမဲ့ပြီး လွတ်လပ်သော အပြည်ပြည်ဆိုင်ရာယန္တရားတစ်ခု (International Impartial and Independent Mechanism)ကို ချက်ချင်းတည်ထောင်သင့်ပါသည်။ ကောင်စီသည် ၎င်း၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ အစည်းအဝေးတွင် အရေးယူဆောင်ရွက်သင့်ပြီး ဤကြားထဲတွင် ရာဇဝတ်မှုဆိုင်ရာ သက်သေအထောက်အထားများ ပြန်လည်မရယူနိုင်တော့သည်အထိ ပျောက်ပျက်သွားခြင်း၊ ပျက်စီးသွားခြင်း သို့မဟုတ် ယိုယွင်းသွားခြင်းတို့ဖြစ်လာနိုင်သောကြောင့် အရေးယူဆောင်ရွက်ရန် ကုလသမဂ္ဂအတွေတွေသည်လာခံအား စောင့်ဆိုင်းနေခြင်း သို့မဟုတ် ၎င်းတံ ရွှေ့ဆိုင်းခြင်းသည် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို ထပ်မံ၍ နှောင့်နှေးကြန့်ကြာစေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ဖြစ်နိုင်သည် အန္တရာယ်ရှိနေပါသည်။
- ကြီးမားသောလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံမှု သို့မဟုတ် ပြန်လည်ကုစားမှုကို ပေးနိုင်ခြင်းမရှိရုံမက၊ ပေးမည်လည်းမဟုတ်ဘဲ အခြားသောနည်းလမ်းများဖြင့် တရားမျှတမှုဆိုင်ရာ ဆောင်ရွက်မှုများကို အဟန့်အတားဖြစ်စေခြင်း သို့မဟုတ် နှောင့်နှေးကြန့်ကြာစေခြင်းအားဖြင့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေခြင်းကိုသာလျှင် ဆက်လက်ထောက်ကူပေးနိုင်ဖွယ်ရှိသော မြန်မာနိုင်ငံအစိုးရ၏ နောက်ဆုံး စုံစမ်းစစ်ဆေးရေးကော်မရှင်ကြောင့် တရားမျှတမှုကို အဟန့်အတား သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုမဖြစ်ရပါ။ လူ့အခွင့်အရေးကောင်စီက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်တွင် မြန်မာနိုင်ငံ၏ တရားမျှတမှုနှင့် တာဝန်ခံမှုနှင့်ပတ်သက်၍ အဖြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည်ဆည်းရာတွင် များစွာအထောက်အကူပြုနိုင်စွမ်း မရှိသောကြောင့် ထိုကော်မရှင်အား ငြင်းပယ်သင့်ပါသည်။

---

[1] The original document is available in English at https://www.icj.org/myanmar-governments-commission-of-inquiry-cannot-deliver-justice-or-accountability/
An updated version of a private memorandum produced on 31 August 2018, this public document includes additional text to incorporate relevant reporting in Myanmar's State media published on 1 September 2018.
[2] The Global New Light of Myanmar, "U Zaw Htay, Spokesman of the Office of the President: the questions have been raised as to the reasons for the removal of the Facebook accounts and pages associated with Tatmadaw," 29 August 2018, pp. 6.
[3] ICOE Press conference, Nay Pyi Taw, 16 August 2018 (video available at https://www.facebook.com/theirrawaddyburmese/videos/218544952337657/) Accessed 28 August 2018.
[4] "Report of the Independent International Fact-Finding Mission on Myanmar," 27 August 2018, A/HRC/39/64.
[5] The UN Human Rights Council established the Mission in 2017. UN Human Rights Council resolution on the situation of human rights in Myanmar, UN Doc. A/HRC/RES/34/22, para 11 (24 March 2017).
[6] On the requirement to prove "special intent" or "genocidal intent", which is a critical constitutive and distinctive element of the crime of genocide, see: ICJ, "Questions and Answers on the Crime of Genocide," Legal Briefing Note, August 2018. https://www.icj.org/icj-releases-legal-q-a-on-crime-of-genocide/
[7] Republic of the Union of Myanmar, "Government of the Republic of the Union of Myanmar will establish an Independent Commission of Enquiry," Office of the President Announcement 3/2018, 31 May 2018.
[8] "Report of the Independent International Fact-Finding Mission," para. 19.
[9] The Global New Light of Myanmar, "U Zaw Htay, Spokesman of the Office of the President: the questions have been raised as to the reasons for the removal of the Facebook accounts and pages associated with Tatmadaw," 29 August 2018, pp. 6.
[10] ICOE Press conference, Nay Pyi Taw, 16 August.
[11] "Report of the Independent International Fact-Finding Mission on Myanmar."

[12] Composed of 60 eminent judges and lawyers from all regions of the world, the ICJ promotes and protects human rights through the Rule of Law, by using its unique legal expertise to develop and strengthen national and international justice systems. Established in 1952 and active on the five continents, the ICJ aims to ensure the progressive development and effective implementation of international human rights and international humanitarian law; secure the realization of civil, cultural, economic, political and social rights; safeguard the separation of powers; and guarantee the independence of the judiciary and legal profession.

[13] See e.g. "Military Rule in Burma", Bulletin of the International Commission of Jurists, No. 15 (1963), pp 4-10, reporting on a 1962 mission to the country conducted on behalf of the ICJ, https://www.icj.org/wp-content/uploads/2013/07/ICJ-Bulletin-15-1963-eng.pdf.

[14] Report of the Fact-Finding Mission, August 2018. "The Security Council should ensure accountability for crimes under international law committed in Myanmar, preferably by referring the situation to the International Criminal Court or alternatively by creating an ad hoc international criminal tribunal" (para. 103(b)). "Until the Security Council acts, the General Assembly, or alternatively the Human Rights Council, should create an independent, impartial mechanism to collect, consolidate, preserve and analyse evidence of violations of international humanitarian law and human rights violations and abuses and to prepare files to facilitate and expedite fair and independent criminal proceedings in national, regional or international courts or tribunals" (para. 103(c)).

[15] See: ICJ, "Achieving accountability for gross human rights violations in Myanmar," January 2018. https://www.icj.org/myanmar-reverse-laws-and-practices-that-perpetuate-military-impunity-new-icj-report/

[16] For example, see: Revised UN Manual on the Effective Prevention and Investigation of Extra-Legal, Arbitrary and Summary Executions (United Nations, 2016).

[17] Independent Expert to update the Set of principles to compat imupunity, Diane Orentilcher, Report to the Commision on Human Rights, UN Doc. E/CN.4/2005/102/Add.1 (8 February 2005)

[18] Report of the Special Rapporteur on extrajudicial, summary or arbitrary executions, Phillip Alston, Report to the Human Rights Council, UN Doc. A/HRC/8/3, para 25 (2 May 2008).

[19] See: ICJ, "Commissions of Inquiry in Nepal: Denying Remedies, Entrenching Impunity," June 2012. https://www.icj.org/nepal-toothless-commissions-of-inquiry-do-not-address-urgent-need-for-accountability-icj-report/

[20] Report of the Special Rapporteur on extrajudicial, summary or arbitrary executions, Phillip Alston, Report to the Human Rights Council, UN Doc. A/HRC/8/3, para 51 (2 May 2008).

[21] Other inquiries have included an investigation into a police crackdown at Letpadaung Copper Mine in 2012 and an investigation into the unlawful killing of journalist Ko Par Gyi in Mon State in 2014. See: ICJ, "Achieving Justice for Gross Human Rights Violations in Myanmar," pp. 19-22.

[22] ICJ, "Achieving Justice for Gross Human Rights Violations in Myanmar," January 2018.

[23] Republic of the Union of Myanmar, President Office Notification No. 58/2012, 17 August 2017.

[24] Republic of the Union of Myanmar, "Final Report of the Inquiry Commission on Sectarian Violence in Rakhine State," 8 July 2013, pp. 56.

[25] Republic of the Union of Myanmar, President Office Notification No. 89/2016, 1 December 2016.

[26] Republic of the Union of Myanmar, "Interim Report of the Investigation Commission on Maungtaw," 3 January 2017, para. 11.

[27] UN Human Rights Council resolution on the situation of human rights in Myanmar, UN Doc. A/HRC/RES/34/22, para. 10 (24 March 2017).

[28] Republic of the Union of Myanmar, "Summary Report of the Investigation Commission for Maungdaw in Rakhine State," 6 August 2018.

[29] Republic of the Union of Myanmar, "Government of the Republic of the Union of Myanmar will establish an Independent Commission of Enquiry," Office of the President Announcement 3/2018, 31 May 2018. Republic of the Union of Myanmar,

"Government of the Republic of the Union of Myanmar Establishes the Independent Commission of Enquiry," Office of the President Press Release 8/2018, 30 July 2018. Note "ARSA" is an acronym for the Arakan Rohingya Salvation Army.

[30] Republic of the Union of Myanmar, "Government of the Republic of the Union of Myanmar will establish an Independent Commission of Enquiry," Office of the President Announcement 3/2018, 31 May 2018. Its members are: Ambassador Rosario Manalo (Philippines); U Mya Thein (Myanmar); Ambassador Kenzo Oshima (Japan); and Prof. Dr. Aung Tun Thet (Myanmar).

[31] For example, see: Global New Light of Myanmar, "Vice Senior General Soe Win receives Independent Commission of Enquiry," 30 August 2018. Global New Light of Myanmar, "State Counsellor receives Independent Commission of Enquiry," 31 August 2018.

[32] Office of the Independent Commission of Enquiry, "Independent Commission of Enquiry issues press release," Nay Pyi Taw, 31 August. The Global New Light of Myanmar, "Independent Commission of Enquiry visits Maungtaw, Rakhine State," 1 September 2018.

[33] The Global New Light of Myanmar, "Independent Commission on Enquiry holds press conference," 17 August 2018, pp. 7.

[34] Office of the Independent Commission of Enquiry, "Independent Commission of Enquiry issues press release," Nay Pyi Taw, 31 August.

[35] In addition to international law and standards regarding the conduct of investigations, applicable general standards are also articulated in Section 5 of the Alston Report to the Human Rights council "Lessons learned from 26 years of reporting on commissions of inquiry," Report of the Special Rapporteur on extrajudicial, summary or arbitrary executions, Phillip Alston, Report to the Human Rights Council, UN Doc. A/HRC/8/3, para 25 (2 May 2008). See also ICJ, "Commissions of Inquiry in Nepal: Denying Remedies, Entrenching Impunity," June 2012, pp. 23.

[36] The Global New Light of Myanmar, "U Zaw Htay, Spokesman of the Office of the President: the questions have been raised as to the reasons for the removal of the Facebook accounts and pages associated with Tatmadaw," 29 August 2018, pp. 6.

[37] ICOE Press conference, Nay Pyi Taw, 16 August 2018.

[38] ICOE Press conference, Nay Pyi Taw, 16 August 2018. Commissioners are seen discussing amongst themselves on how to respond when a compere wrongly says they are having 'technial problems,'.

[39] Office of the President Order No. 86/2017, 17 October 2017.

[40] Satellite imagery reveals mass bulldozing first took place in November 2017, soon after establishement of the UEHRD, in areas of Rakhine State vacated by Rohingyas. See: Human Rights Watch, "Burma: Scores of Rohingya Villages Bulldozed," 23 February 2018. OHCHR, "Infrastructure investment in Myanmar: Open for business?," Op-ed by UN High Commisioner for Human Rights Zeid Ra'ad Al Hussein, 2018.

[41] Shoon Naing, "Bulldozing Rohingya villages was not 'demolition of evidence', Myanmar official says," Reuters, 26 February 2018.

[42] Rezaul Karim and Porimol Palma, "'Not my concern': in an interview with Star, top Myanmar official downplays ethnic cleansing allegation, but admits Rohingya torture," The Daily Star, 20 April 2018.

[43] ICOE Press conference, Nay Pyi Taw, 16 August 2018. Office of the Independent Commission of Enquiry, "Independent Commission of Enquiry issues press release," Nay Pyi Taw, 31 August.

[44] These include sections: 124(a) of sedition; 211 of making false charges; 499 of defamation; and 505 of incitement. See: ICJ, "Achieving Justice for Gross Human Rights Violations in Myanmar," pp. 25, 31.

[45] The Global New Light of Myanmar, "Independent Commission on Enquiry holds press conference," 17 August 2018, pp. 7.

[46] Office of the President Order No.75/2017, 9 October 2017.

[47] Poppy Elena McPherson and Simon Lewis, "Myanmar rejects citizenship reform at private Rohingya talks," Reuters, 27 June 2018.